## မော်တော်ယာဉ်အရောင်းပြခန်း(Showroom) များမှ Fully Online စနစ် ဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့်အချက်များ

၁။ အရောင်းပြခန်း ကုမ္ပဏီမှ dottraining2008@gmail.com သို့ ကုမ္ပဏီ Letter Head နှင့် လျှောက်လွှာ၊ Invoice ကို E-mail ဖြင့် ပေးပို့ဆောင်ရွက်ရမည်။ ကုမ္ပဏီ၏ လျှောက်လွှာတွင် လျှောက်ထားစီးရေ စုစုပေါင်းဖော်ပြ၍ ကုမ္ပဏီ၏ Invoice အား Invoice တစ်ခုလျှင်စီးရေ (၂၀) စီးအထိ ပြုစုတင်ပြရမည်။ (ဥပမာ- စီးရေ ၄၀ စီးတွင် Invoice (၂) စောင်)

၂။ ပထမအဆင့်အနေဖြင့် ဌာနမှ ကုမ္ပဏီ၏ လျှောက်လွှာနှင့် Invoice ကိုလက်ခံရယူပြီး ဒုတိယ အဆင့်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ အရောင်းစင်တာ၊ မြေပြင်စစ်ဆေးရေး အဖွဲ့များ၏ ထောက်ခံချက်များကို Online စနစ်ဖြင့် ရယူဆောင်ရွက်ပါမည်။

၃။ အချက်အလက်များ ပြည့်စုံပါက အရောင်းပြခန်းမှတ်ပုံတင်လက်မှတ် သက်တမ်း ရှိ/ မရှိ ကို စိစစ်၍ ခွင့်ပြုချက်ရရှိရေး ဆက်လက်တင်ပြဆောင်ရွက်ပါမည်။

၄။ ခွင့်ပြုချက် ရရှိပြီးပါက သွင်းကုန်လိုင်စင်ထုတ်ပေးရန်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲသို့ ဆက်လက်အကြောင်းကြားပါမည်။ တစ်ပြိုင်နက်တည်း Show Room ကုမ္ပဏီများသို့ E-mail ဖြင့် Invoice အမှတ် (xxxxx) အား လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ဆက်လက်အကြောင်းကြားပါမည်။

၅။ Fully online မှ လျှောက်ထားရာတွင် လိုင်စင် Application ပါအချက်အလက်များ ဖြည့်သွင်းပြီး လျှောက်ထားမည့် သွင်းကုန်လိုင်စင်အတွက် Invoice အား ပူးတွဲတင်ပြရမည်။

၆။ လိုင်စင်လျှောက်ထားမည့် မော်တော်ယာဉ်၏ HS Code နှင့် ကျန်အချက်အလက်များအား မှန်ကန်စွာ ဖြည့်သွင်းရမည်။

၇။ ခွင့်ပြုသည့် Invoice ပါ အစီးရေအား တစ်ကြိမ်တည်းအပြတ် လျှောက်ထားရမည်ဖြစ် ပါသည်။

၈။ ခွင့်ပြုစာပါ အချက်အလက်များအတိုင်းသာ သွင်းကုန်လိုင်စင်ခွင့်ပြု ထုတ်ပေးသွားမည်ဖြစ် ပါသဖြင့် ကနဦးသို့ တင်ပြချိန်တွင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာတင်ပြရန် လိုအပ်မည် ဖြစ်ပါသည်။

၉။ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် လူစီးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များအား လိုင်စင်(၁) စောင် တည်းပေါင်း၍ လျှောက်ထားခြင်းမပြုဘဲ မော်တော်ယာဉ်အုပ်စုအလိုက် လိုင်စင်(၁)စောင်စီခွဲ၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၁၀။ လုပ်ငန်းသုံးမော်တော်ယာဉ် (Truck) များ လျှောက်ထားရာတွင် အောက်ဖော်ပြပါ အချက်အလက်များအားကနဦးတင်ပြမည့် Invoice တွင် ပြည့်စုံမှန်ကန်စွာ ဖော်ပြရန်လိုအပ်မည်ဖြစ်ပါသည် –

- ✓ Brand New ----------- (Left Hand Drive)
- ✓ Brand Name :
- ✓ Model Year :
- ✓ Engine Power :
- ✓ Vehicle Weight :
- ✓ Capacity Weight :
- ✓ Number Of Axle : (3 Axles နှင့် အထက်ယာဉ်များ)
- ✓ Number Of Wheel : (10 Wheels နှင့် အထက်ယာဉ်များ)
- ✓ Dimension :
- ✓ Country Of Origin :

၁၁။ လုပ်ငန်းသုံးမော်တော်ယာဉ် (Bus) များလျှောက်ထားရာတွင် အောက်ဖော်ပြပါ အချက်အလက်များအား ကနဦးတင်ပြမည့် Invoice တွင် ပြည့်စုံမှန်ကန်စွာဖော်ပြရန် လိုအပ်ပါမည် –

- ✓ Brand New (Mini Bus, School Bus, Express Bus, Cooch Bus) (Left Hand Drive)
- ✓ Brand Name :
- ✓ Model Year :
- ✓ Engine Power :
- ✓ Seater :
- ✓ Country Of Origin :

၁၂။ လူစီးမော်တော်ယာဉ်များ လျှောက်ထားရာတွင် အောက်ဖော်ပြပါအချက်အလက်များအား ကနဦးတင်ပြမည့် Invoice တွင် ပြည့်စုံမှန်ကန်စွာဖော်ပြရန် လိုအပ်ပါသည် –

- ✓ Brand New (Saloon, Wagon, Hatchback)
- ✓ Brand Name :
- ✓ Model Year :
- ✓ Engine Power :
- ✓ Country Of Origin :